ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project



(NCDDP)

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


Village Development Plan (VDP)

ထီးပုအုပ်စု၊ ကောင်းညိုကျေးရွာ


၂၀၁၇-ခုနှစ်

ညောင်ဦးမြို့နယ်

# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



# ထီးပု ကျေးရွာ အုပ်စု



မ
မုန်တော
ကြို့ပင်သာ
ရွာလု
ကောင်းညို
ဖြူထွား
ဆင်လူးအိုင်
ဒဟတ်ကန်
ထီးပု
ချမ်းလှို
ရည်ညွှန်းချက်
ကျေးရွာ အုပ်စု
ကျေးရွာ
ကားလမ်း
အုပ်စု နယ်နိမိတ်

# ထီးပု အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ထီးပု

၂။ ကြို့ပင်သာ

၃။ ကောင်းညို

၄။ မုန့်တော

၅။ ရွာလု

၆။ ဆင်လူးအိုင်

၇။ ဖြူထွား

၈။ ဂျမ်းလှီး

၉။ ဒဟတ်ကန်

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ကောင်းညိုကျေးရွာ ထီးပု အုပ်စု ရက်စွဲ ၊ ၂.၃.၂၀၁၇

ကောင်းညိုကျေးရွာသည် ၁၃၀၇ ခုနှစ် တွင် ချောသင်းရေတိုက်စားမှုကြောင့် ရွာပျက်စီးသွား၍ ရွှေ့ပြောင်းခဲ့ရပြီး ကိုယ်ထူ ကိုယ်ထဖြင့် ရွာအသစ် တည်ဆောက် နေထိုင်ခဲ့ရသည်ဟု သိရှိခဲ့ရပါသည် ။ ၁၃၃၉ ခုနှစ်တွင် ညောင်အိုင်ဆယ်ကို ရွာလူထုများ ပူးပေါင်း၍ တည်ဆောက်ခဲ့ပါသည် ။ ၁၃၄၇ ခုနှစ်တွင် မီးဘေး အန္တရာယ်ကျရောက်ခဲ့ပြီး ( ၄၅ ) အိမ် ပျက်စီး ဆုံးရှုံး ခဲ့သည်ဟု သိရှိခဲ့ရပါသည် ။ ကျေးရွာလူထု ပူးပေါင်းပြီး ပြန်လည် ထူထောင်ခဲ့ပါသည် ။ ၁၃၅၂ ခုနှစ် အစိုးရ မူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျေးရွာလူထု စုပေါင်းပြီးတည်ဆောက်၍ ကလေးများရွာတွင် ပညာသင်ကြားနိုင်ခဲ့သည်ကို သိရှိရပါသည်။ ၁၃၆၉ ခုနှစ်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းကို ဦးခင်ဇော် + ဒေါ်စံပယ်ဂင်း လှူဒါန်းမှုဖြင့် ကျေးရွာ လူထု များ ပူပေါင်းပြီး တည်ဆောက်ခဲ့သည်ဟု သိရှိခဲ့ပါသည် ။ ၁၃၇၁ ခုနှစ်တွင် ကျေးရွာသားများ နှင့် အများ ကောင်းမှုဖြင့် ရွာဦးစေတီ တည်ထား ကိုးကွယ်ခဲ့သည်ကို သိရှိခဲ့ရပါသည် ။ ၁၃၇၆ ခုနှစ်တွင် သဘာဂ ဘေးအန္တရာယ် လေမုန်းတိုင်း တိုက်ခတ်မှုကြောင့် အိမ် အမိုးအကားများ ပျက်စီး ဆုံးရှုံးခဲ့ရပါသည် ။ ကျေးရွာလူထု ပူးပေါင်း၍ ပြန်လည် ထူထောင် ခဲ့သည်ကိုလည်း သိရှိခဲ့ရပါသည် ။ ကောင်ညိုကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်း ပါဂင် လုပ်ဆောင် ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် စုပေါင်း တက်ကြွစွာ လုပ် ဆောင်ခဲ့ ကြသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထလုပ်ဆောင်ခဲ့ကြသည်ဟုသုံးသပ်မိပါသည်။

လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map, Resource map) | 2.1.2017 | ကျေးရွာလူကြီး၊ ကျေးရွာသား၊ ကော်မတီဝင်များ | ၂၀ | ၁၅ | ၃၅ | ကျေးရွာနယ်နိမိတ်အကျယ်အဝန်း အိမ်ခြေ၊ လယ်မြေ၊ စိုက်ခင်း ဘုရားပုထိုးများစသော ကျေးရွာ၏လက်ရှိအခြေအနေ နှင့် ပိုင်ဆိုင်မှုပြအခြေအနေ များကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီဥတုပြပြက္ခဒိန် (Seasonal calendar) | 2.1.2017 | ကျေးရွာလူကြီး၊ ကျေးရွာသား ကော်မတီဝင်များ | ၂၅ | ၂၀ | ၄၅ | ရာသီဥတုစိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်း၊ ငွေကြေးရှာ လုပ်ငန်းများ၊ ဝမ်းစာရှားပါးမှု နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | 3.1.2017 | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၇၇ | ၉၈ | ၁၇၅ | ကျေးရွာလူကြီး၊ ကျေးရွာသားများမှ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများ ကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ ကြသည်။ |
| ၄။ | ပြဿနာသစ်ပင် (Problem Tree) | 3.1.2017 | ကျေးရွာလူကြီး ကျေးရွာသား များ၊ ကော်မတီဝင်များ | ၇၇ | ၉၈ | ၁၇၅ | ကျေးရွာလူကြီး၊ ကျေးရွာသားအများ စုရွေးချယ်ခဲ့သော စီမံကိန်း လုပ်ငန်းခွဲများ၏ အကြောင်း၊ အကျိုး ဆက်စပ်မှုများကို ပြဿနာ သစ်ပင်ရေးဆွဲ၍ ခွဲခြမ်းစိတ် ဖြာခဲ့ကြသည်။ |


## လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅။ | အဖွဲ့အစည်းအချိတ်အဆက်ပြပုံစံ (Venn Diagram) | 2.1.2017 | ကျေးရွာသူ/ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၃၀ | ၂၀ | ၅၀ | ကျေးရွာအတွင်းတွင်ရှိနေသော လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုနှင့်ကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင်ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | 2.1.2017 | ချမ်းသာ၊ သင့်တင့်၊ ပြေလည်၊ နွမ်းပါး၊ ထိခိုက်လွယ်အုပ်စုများ | ၅၀ | ၅၇ | ၁၀၇ | ကျေးရွာအတွင်းရှိလူများအကြား ငွေကြေး၊ ပစ္စည်း၊ ဥစ္စာဓနအစအား ပိုင်ဆိုင်မှု အဆင့်ခွဲခြားမှုသိခြင်းဖြင့် ကျေးရွာအတွက်လိုအပ်သည့် ဝင်ငွေရရှိရေးစီမံချက်များကို တည်းသွင်းစဉ်းစားနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၇။ | ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံစံ (Spider Web) | 2.1.2017 | ကျေးရွာသူ၊ ကျေးရွာသားများ အမျိုးသားအုပ်စု အမျိုးသမီးအုပ်စုများ | ၃၅ | ၃၀ | ၆၅ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအနေအရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

ကောင်းညှိုကျေးရွာ

ဝင်းမူ အုပ်စု



# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကောင်းညိုကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၁၂.၃.၂၀၁၇

ကောင်းညိုကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၁၈၉ ) ရှိကြောင်း သိရပါသည် ။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ ၊ စေတီ ၊ ရေကန် ၊ ဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းများ ရှိသည်ကို တွေ့ရှိရပါသည် ။ တောင်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် သဲချောင်း ရှိသည်ကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ယာခင်း ၊ သင်္ချိုင်း နှင့် ရေကန် တည်ရှိသည်ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ထန်းတောများ ၊ ယာခင်း ၊ ရေကန် နှင့် စက်ရေတွင်း တည်ရှိပါသည် ။ သဘာဝအရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ထန်းတက်သော အလုပ် မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက် နိုင်ကြောင်းကို သုံးသပ်မိပါသည် ။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို ဆွဲခြင်းအားဖြင့် ကျေးရွာသူ / သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိ အခြေအနေ နှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင်မီးမရရှိခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်း နှင့် ဝင်ငွေ နည်းပါးနေခြင်းများ စသည်တို့ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

ကျေးရွာ - ကောင်းညို

ကျေးရွာအုပ်စု - ထီးပု

## ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ပုံဇယား

ရက်စွဲ - ၂.၁.၂၀၁၇

| စဉ် | အုပ်စု | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အပြေလည်ဆုံးအုပ်စု | သွပ်မိုး၊ တိုက်အိမ်၊ ကား၊ ထော်လာဂျီ၊ ယာမြေ၊ မိသားစုဝင်ငွေကောင်း၊ ဆိုင်ကယ်၊ စက်တပ်ယာဉ်၊ နွား၊ ကျွဲ၊ ဖုန်း၊ တီဗွီ | ၂၀ | ၁၀.၅၈ % |
| ၂။ | အသင့်အတင့်ပြေလည်သောအုပ်စု | သွပ်မိုး၊ အုတ်တက်အိမ်၊ ဆိုင်ကယ်၊ နွား၊ ကျွဲ၊ မိသားစုဝင်ငွေသင့်တင့်၊ ဖုန်း၊ တီဗွီ | ၁၀၀ | ၅၂.၉၁ % |
| ၃။ | မပြေလည်သောအုပ်စု | သွပ်မိုး၊ ထရံကာအိမ်၊ ဆိုင်ကယ်၊ လက်လုပ်လက်စား၊ တီဗွီ၊ ဖုန်း၊ မိသားစုဝင်ငွေနည်းပါး | ၃၄ | ၁၇.၉၉ % |
| ၄။ | နွမ်းပါးသောအုပ်စု | လက်လုပ်လက်စား၊ ထန်းရွက်မိုး ထရံကာအိမ်၊ ဆိုင်ကယ်၊ ဖုန်း၊ မိသားစုဝင်ငွေနည်းပါး | ၃၀ | ၁၅.၈၇ % |
| ၅။ | ထိရှလွယ်သောအုပ်စု | ထန်းရွက်မိုး ထန်းရွက်ကာအိမ်၊ ခိုကိုးရာမဲ့ | ၅ | ၂.၆၄ % |
| | | | ၁၈၉ | ၁၀၀ % |

# ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ပုံဖော်ခြင်း သုံးသပ်ချက်

ကျေးရွာ - ကောင်းသိုကျေးရွာ၊ ထီးပုအုပ်စု

ကောင်းသိုကျေးရွာတွင် အိမ်ထောင်စုအားဖြင့် (၁၈၉) စုခန့်ရှိပြီး အုပ်စုများဖြင့် (၅)စု ခွဲခြမ်းစိတ်ဖြာကြည့်ကြရာတွင် အပြေလည်ဆုံးအုပ်စုတွင် (၂၀)ခန့်ရှိပြီး ယာမြေ၊ တိုက်အိမ်၊ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ နွားရှဉ်း၊ ဖုန်း၊ တီဗွီ တို့ကိုပိုင်ဆိုင်ကြသည်ကိုတွေ့ရှိရသည်။ ထို့အပြင် မိသားစုဝင်ငွေလည်း ကောင်းမွန်သည်ကိုလည်း တွေ့ရှိရပြန်သည်။

အသင့်အတင့်ပြေလည်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၁၀၀) ခန့်ရှိပြီး သွပ်မိုးပျဉ်ကာအိမ်၊ ဆိုင်ကယ်၊ ယာမြေ၊ နွားရှဉ်း၊ ဖုန်း၊ တီဗွီ တို့ကိုပိုင်ဆိုင်ကြသည်။ ထို့အပြင် ဝင်ငွေအားဖြင့် အသင့်အတင့်သာရှိသည်ကိုတွေ့ရှိရသည်။

မပြေလည်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၃၄) စုခန့်ရှိပြီး သွပ်မိုးထရံကာအိမ်၊ ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း တို့ကိုပိုင်ဆိုင်ကြသည်ကိုတွေ့ရှိရသည်။ ယာမြေ၊ ကိုင်တာ ယာသည်တို့ကို မပိုင်ဆိုင်ပဲ လက်လုပ်လက်စားများဖြစ်ကြသည်။ မိသားစုဝင်ငွေ အင်မတန်နည်းပါးကြသည်။

နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၃၀) ခန့်ရှိပြီး လက်လုပ်လက်စားများဖြစ်သည်ကိုတွေ့ရှိရသည်။ ထန်း၊ ရွက်မိုး ထရံကာအိမ်နှင့်နေထိုင်ကြပြီး မိသားစုဝင်ငွေလည်း အလွန်နည်းပါးသည်ကိုတွေ့ရှိရပြန်သည်။


ထိခိုက်လွယ်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၅) စုခန့်ရှိပြီး ထန်း၊ ရွက်မိုး ထန်းရွက်ကာအိမ်များနှင့်နေထိုင်ကြရသည်။ ထို့နောက် ငွေရေးတို့တွင် ကျောထောက်နောက်ခံမရှိပေ

အချုပ်အားဖြင့်ဆိုရသော် ကောင်းသိုကျေးရွာတွင် အပြေလည်ဆုံးအုပ်စုမှာ ရာခိုင်နှုန်းအားဖြင့် (၁၀%) ခန့်သာရှိပြီး အသင့်အတင့်ပြေလည်သောအုပ်စုမှာ (၅၂%) ခန့်ရှိသည့် အတွက် စားဝတ်နေရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးအခြေအနေမဟုတ်သော်လည်း အဆိုးဆုံး အခြေအနေဟု မဆိုနိုင်ပါ။ ထို့ကြောင့် အကောင်းဆုံးအခြေအနေ တစ်ခုရောက်ရှိအောင် ဆက်လက်မပြတ် ကြိုးစားလုပ်ကိုင်သွားသင့်သည်ဟု သုံးသပ်မိသည်။

## ကျား/မ အခန်းကဏ္ဍပြပင့်ကူအိမ်ပုံစံ

ကျေးရွာ - ကောင်းညို

ရက်စွဲ - ၂.၁.၂၀၁၇




အမျိုးသား - - - - - -

အမျိုးသမီး - - - - - -

# ကျား/မ အခန်းကဏ္ဍဖြင့် ပင့်ကူအိမ်သုံးသပ်ချက်

ကျေးရွာ - ကောင်းညိုကျေးရွာ

ကောင်းညိုကျေးရွာ၏ ကျား/မ အခန်းကဏ္ဍဖြင့် ပင့်ကူအိမ်ပုံစံကို သုံးသပ်ကြည့်ရာတွင် အမျိုးသမီးများသည် အိမ်မှုကဏ္ဍတွင်သာ အများဆုံး ပူးပေါင်းနေကြရပြီး အခြားကဏ္ဍရပ်များတွင် အမျိုးသားထက် နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ ပိုင်ဆိုင်မှုထိန်းချုပ်ရာတွင်လည်းကောင်း၊ ပူးပေါင်းပါဝင်မှုတွင်လည်းကောင်း၊ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူ အခြေအနေ တစ်ခုတွင် ရပ်တည်နေသည်ကို တွေ့ရှိရသည်။

ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများက သာလွန်ပိုင်စိုးမှု ရပ်တည်နေပြီး အမျိုးသမီးများနှင့် ကွာဟချက် ရှိနေပြန်သည်ကို တွေ့ရှိရသည်။


အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုတို့တွင်လည်း အမျိုးသားများမှာ ပိုမိုမြင့်မားနေသော်လည်း အမျိုးသမီးများထက် သာလွန်နေပြန်သည်ကို တွေ့ရှိရပြန်သည်။

အချုပ်အားဖြင့်ဆိုရသော် အမျိုးသမီးများသည် အိမ်မှုကဏ္ဍမှလွဲ၍ အခြားသောကဏ္ဍရပ်တိုင်းတွင် အမျိုးသားများထက် အနည်းနှင့်အများ ဆိုသလို နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှု နည်းခြင်း၊ ရှေးရိုးအစဉ်အလာများကို လက်ခံထားခြင်း၊ အမျိုးသားများမှ အရာရာတွင် ဖိနှိပ်ထားခြင်း စသည့် အချက်တို့ကြောင့် ဖြစ်နိုင်သည်ဟု သုံးသပ်မိသည်။

# အဖွဲ့အစည်း အချိတ်အဆက်ပြ ကားချပ်

ကျေးရွာ - ကောင်းညိုကျေးရွာ

ရက်စွဲ - ၂.၁.၂၀၁၇




ပါဝင်ဆွေးနွေးသူ - ကျေးရွာလူထု

# အဖွဲ့အစည်း အချိတ်အဆက်ပြ ဇယားချပ် သုံးသပ်ချက်

ကျေးရွာ - ကောင်းဆုံ ကျေးရွာ၊ ထီးပုအုပ်စု


ကောင်းဆုံ ကျေးရွာ၏ အဖွဲ့အစည်း အချိတ်အဆက်ပြ ဇယားချပ်ကို သုံးသပ်ကြည့်ရာတွင် အုပ်ချုပ်ရေး အဖွဲ့သည် ကျေးရွာ၏ အဓိကကျသော အဖွဲ့ဖြစ်သည်ကို တွေ့ရှိရပြီး အခြား အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်မှုရှိသည်။ ရာဘိဖြူး အဖွဲ့နှင့် လူထုမပါပြ အဖွဲ့သည်လည်း ကျေးရွာဖွံ့ဖြိုးရေး အတွက် အရေးပါသော အဖွဲ့များ ဖြစ်ပေလိမ့်မည်ဟု သုံးသပ်မိသည်။ အမျိုးသားအဖွဲ့၊ အမျိုးသမီး အဖွဲ့နှင့် ရေတွင်း၊ ကော်မတီ အဖွဲ့များသည်လည်း အချိုးညီညီ တာဝန်ယူ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ ကျေးရွာတွင် ဂေါပက အဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့၊ ယာယီတအဖွဲ့ များသည်လည်း မိမိတို့၏ တာဝန်းကဏ္ဍ အလိုက် ပျော်ရွှင်စွာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိ ရပြန်သည်။ ထို့နောက် ချမ်းမြေ့မေတ္တာ အဖွဲ့၊ စိမ်းစို အဖွဲ့နှင့် မြေဆီလွှာထိန်းသိမ်းရေး အဖွဲ့များလည်း ရှိနေလေသည်။

အချုပ်အားဖြင့် ဆိုရသော် ကောင်းဆုံကျေးရွာတွင် အဖွဲ့အစည်းပေါင်း များစွာ ရှိကြပြီး အဖွဲ့အစည်း အကြီး၊ အသေး ပေါ်မူတည်၍ ဩဇာသက်ရောက်မှုသည်လည်း ကွာခြားနိုင်သည်။ ထို့အပြင် ဒေသ အဖွဲ့အစည်းများသည် အဖွဲ့အစည်း အချင်းချင်း သော်လည်းကောင်း၊ အုပ်ချုပ်ရေး၊ ရာဘိဖြူး အဖွဲ့များနှင့် သော်လည်းကောင်း၊ အနည်းနှင့် အများဆိုသလို ချိတ်ဆက် ဆောင်ရွက်နေသည်ဟု သုံးသပ်မိသည်။

ထီးပုအုပ်စု - ကောင်းညိုကျေးရွာ

ရာသီဥတုပြပြက္ခဒိန်


ရက်စွဲ - ၂.၁.၂၀၁၇



# အရင်းအမြစ်သုံးစွဲမှုနှင့် အရင်းအမြစ်ထိန်းချုပ်မှု ပုံစံပြဇယား


ကျေးရွာ - ကောင်းညီကျေးရွာ၊ တီးဗုန်အုပ်စု

## အရင်းအမြစ်သုံးစွဲမှုပြပုံစံဇယား



| ကျား | မ | ကျား + မ |
|---|---|---|
| ကျွဲ၊ နွား | အပ်ချုပ်စက် | ဆိုင်ကယ် |
| ဖွဲညင်း | | မြေသားရေကန် |
| လယ်ထွန်စက် | | ယာမြေ |
| | | လယ် |
| | | သစ်တော |

## အရင်းအမြစ်ထိန်းချုပ်မှု ပုံစံပြဇယား



| ကျား | မ | ကျား + မ |
|---|---|---|
| ကျွဲ၊ နွား | အပ်ချုပ်စက် | |
| ဖွဲညင်း | | |
| လယ်ထွန်စက် | | |
| မြေသားရေကန် | | |
| လယ် | | |
| ယာမြေ | | |
| သစ်တော | | |

## ဇယား ၁၈ ပိုင်ဆိုင်မှု သုံးသပ်ဆန်းစစ်ခြင်း

ကျေးရွာ - ကောင်းညိုကျေးရွာ၊ ထီးပုဆိပ်ရ

- ကျွဲ၊ နွား၊ မြည်း၊ လယ်ထွန်စက် တို့ကို အမျိုးသားများ သုံးစွဲကြသည်။
- အပ်ချုပ်စက်ကို အမျိုးသမီးများ အသုံးပြုကြသည်။
- ဆိုင်ကယ်၊ မြေသားရေကန်၊ ယာမြေ၊ လမ်း၊ သစ်တော တို့ကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- ထိန်းချုပ်ဆုံးဖြတ်မှုတွင် အမျိုးသားများသာ အများဆုံး ချုပ်ကိုင်လွှမ်းမိုးထားသည်။

အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်ဆုံးဖြတ်မှုတို့တွင် အမျိုးသားများက ထိန်းချုပ်သုံးစွဲကြသော်လည်း ပိုင်ဆိုင်မှုကို သုံးသပ်ဆန်းစစ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် အရင်းအမြစ်များ၊ ပစ္စည်းများကို အမျိုးသား၊ အမျိုးသမီး တန်းတူပိုင်ဆိုင်ကြသည်ကို သိရှိနားလည်နိုင်သည်။

## ရာသီဥတုပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ - ကောင်းသိုကျေးရွာ၊ ထီးမူဒုပ်ရ

ကောင်းသို ကျေးရွာ၏ ရာသီဥတုပြ ပြက္ခဒိန်ကို သုံးသပ်ကြည့်ရာတွင် -

၁။ ပွဲတော်ကျင်းပသည့်လများ အနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲကိုလည်းကောင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲကိုလည်းကောင်း၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲကိုလည်း ဝါဆိုလနှင့်ဝါခေါင်လများတွင် ကျေးရွာဘုရားပွဲကိုလည်းကောင်း အသီးသီးကျင်းပသည်။

၂။ ရာသီဥတုနှင့်ပတ်သက်၍ မိုးရွာသွန်းမှု အခြေအနေမှာ နယုန်လတွင် အနည်းငယ် ရွာသွန်းပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းသည်ကို တွေ့ရှိရသည်။ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် အနည်းငယ်သာ ရွာသွန်းတော့သည်။

၃။ စိုက်ပျိုးရေးတွင် မြေပဲနှင့် ပဲစင်းငုံကို အဓိက စိုက်ပျိုးကြပြီး ကဆုန်လမှ စတင်၍ တော်သလင်းလအထိ ဖြစ်သည်ကို တွေ့ရှိရသည်။

၄။ စိုက်ပျိုးသီးနှံများကို တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် ဖြိုင်ဖြိုင် ရိတ်သိမ်းကြရသည်။

၅။ ရိတ်သိမ်းပြီးနောက် ယာမြေပြုပြင်ခြင်း၊ လယ်ထွန်ခြင်း လုပ်ငန်းကို တန်ခူး၊ ကဆုန်၊ နယုန်လများတွင် မိုးအစ လုပ်ဆောင်ကြသည်ကို တွေ့ရှိရသည်။


၆။ ကျန်းမာရေးနှင့်ပတ်သက်၍ နယုန်လတွင် ဖျားနာခြင်းကို အနည်းငယ် ခံစားနိုင်ကြပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တော်သလင်း၊ နတ်တော်၊ ပြာသိုလများတွင် ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်သည်။

၇။ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် လမ်းများ ပျက်စီးနိုင်ပြီး ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။

၈။ စိုက်ပျိုးရေးအပြင် စားဝတ်နေရေးအတွက် ထန်းတက်ခြင်း လုပ်ငန်းကိုလည်း တပို့တွဲလမှစတင်၍ ဝါခေါင်လအထိ လုပ်ကိုင်ဆောင်ရွက်ကြရသည်ကို တွေ့ရှိရသည်။

# ပြဿနာ သစ်ပင်

ကျေးရွာ - ကောင်းဆိုင်ကျေးရွာ၊ ထီးမုံမြို့နယ်　　　နေ့စွဲ - ၃.၁.၂၀၁၇



# ပြဿနာသစ်ပင်သုံးသပ်ချက်

ကျေးရွာ - ကောင်းသို့ကျေးရွာ၊ ထီးပုအုပ်စု

ပြဿနာအခက်အခဲ - လမ်းပန်းဆက်သွယ်ရေး အခက်အခဲ

ကောင်းသို့ကျေးရွာ၏ အဓိကအခက်အခဲပြဿနာမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်သည်ကို တွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်ရေးပြဿနာကို ဖြစ်ပေါ်စေသော အကြောင်းရင်းများမှာ ရွာတွင်း၊ ရွာပြင်လမ်းများ မကောင်းမွန်ခြင်း၊ မိုးရေတိုက်စားမှုကြောင့် လမ်းများ ပျက်စီးခြင်း၊ ထိန်းသိမ်းမှုအားနည်းခြင်း၊ ရန်ပုံငွေအားနည်းခြင်း၊ နည်းပညာခက်ခဲခြင်း စသည်တို့ဖြစ်သည်။ ရင်းအကြောင်းတရားများထဲမှ ရွာတွင်း၊ ရွာပြင်လမ်းများ မကောင်းမွန်ခြင်းသည် အဓိကအခက်အခဲပြဿနာဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ကျေးရွာချင်း သွားလာရေးခက်ခဲခြင်း၊ အချိန်ကုန်ခြင်း၊ ကလေးငယ်များ သွားလာရေးခက်ခဲခြင်း၊ ထိခိုက်မှုဖြစ်နိုင်ခြင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်ခက်ခဲခြင်း စသည့် အကျိုးဆက်တို့ကိုဖြစ်ပေါ်စေသည်။

လမ်းပန်းဆက်သွယ်ရေး အခက်အခဲကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို သိရှိမှသာ အကျိုးဆက်များကို ထိန်းချုပ်နိုင်ပေမည် ဖြစ်သည်။ ထို့ကြောင့် မိမိတို့ကိုယ်တိုင် လုပ်ဆောင်နိုင်သည့် အရာများကို တက်ညီလက်ညီ ဆောင်ရွက်သွားကြမည်ဆိုလျှင် အခက်အခဲများကို အလိုက်အလျောက် လျော့ချနိုင်ပေမည် ဟုသုံးသပ်မိသည်။

# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးတင်အေး | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ကောင်းညိုကျေးရွာ | 09-781175969 |
| ၂ | ဒေါ်ဖြေးမြိုင် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | 〃 | 09-792704254 |
| ၃ | ဦးသိန်းတင့် | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | |
| ၄ | ဦးသန်းဝင်း | မှတ်တမ်းထိန်း | 〃 | |
| ၅ | ဒေါ်ဖြေး | အဖွဲ့ဝင် | 〃 | 09-780221268 |
| ၆ | ဦးအေးအောင် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | 〃 | 09-767906648 |
| ၇ | ဦးတင်မြင့် | အဖွဲ့ဝင် | 〃 | 09-787140524 |
| ၈ | ဒေါ်မာမာအေး | အဖွဲ့ဝင် | 〃 | 09-783757783 |
| ၉ | ဦးသန်းမြိုင် | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | |
| ၁၀ | ဒေါ်ကြည်ကြည်နွဲ့ | အဖွဲ့ဝင် | 〃 | |
| ၁၁ | ဒေါ်အမာကြည် | အဖွဲ့ဝင် | 〃 | 09-784853216 |
| ၁၂ | ဦးစိုးဝင်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-262055653 |
| ၁၃ | ဒေါ်အေးသန်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | |
| ၁၄ | ဦးသိန်းတန် | စေတနာ့ဝန်ထမ်း | 〃 | 09-402536066 |
| ၁၅ | ဒေါ်လှမြိုင် | စေတနာ့ဝန်ထမ်း | 〃 | 09-773322201 |
| ၁၆ | ဦးအောင်ဇော်ဝင်း | ကျေးရွာစာရင်းကိုင် | 〃 | 09-786121084 |

ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ဆောင်ရွက်မှုမှတ်တမ်း





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဘိုသန့် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးမြင့်ကြိုင် | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ကောင်းညို |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ------------ | ၁၈၉ | ဘာသာ (၁) ------------ | ၁၈၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | (၂+၂) ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | (၅၅+၆၅) ၁၂၀ | | |
| စစ်ဘေးရှောင် | | | |

| ၁၀၇၇ | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၉၉ | ၅၇၈ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၅၉ | ၃၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| *မှတ်ချက်* | | ရှိသည် | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (အုတ်ခွာရာလမ်း) ✓ ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း) ✓
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၃---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။ ၃၀ မိနစ်

ခြောက်သွေ့ရာသီတွင်ကြာချိန်--မိနစ် ၃၀-- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--မိနစ် ၄၀-- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်းကော်မတီ

(၂) ရေကွင်းကော်မတီ

(၃) WFP မှ မှတ်တမ်းတင်ထားပြီးဖြစ်ပါသည်၊

ကျေးရွာခေါင်းဆောင် | အမည် - ဦးဘိုညွန့်၊ |
|---|---|
| | လက်မှတ် [signature] နေ့စွဲ - 2.1.2017 |

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် - ဦးဘိုညွန့်၊ |
| | လက်မှတ် [signature] နေ့စွဲ - 2.1.2017 |
| လူထုစည်းရုံးရေးမှူး | အမည် - ဦးမြင့်ကြိုင် |
| | လက်မှတ် [signature] နေ့စွဲ - 2.1.2017 |

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထိပ်ပု | ကျေးရွာ - ကောင်းညို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂.၁.၂၀၁၇ | ၂.၁.၂၀၁၇ | ၅၀ | ၅၇ | ၁၀၇ | - |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃.၁.၂၀၁၇ | ၃.၁.၂၀၁၇ | ၇၇ | ၉၈ | ၁၇၅ | - |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁.၂၀၁၇ | ၁၈.၁.၂၀၁၇ | ၂၃ | ၇ | ၃၀ | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - 3.1.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √□ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - မကွေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထိပ်ပု | ကျေးရွာ - ကောင်းသို |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စက်ရုံတွင်းမကောင်းခြင်း၊ ကန်ရေလုံလောက်မှုမရှိခြင်းကြောင့် သောက်သုံးရေခက်ခဲခြင်း | ၁ | မြေသားကန်မှ ကန်ရေမလုံလောက်သဖြင့် သောက်သုံးရေခက်ခဲခြင်း |
| ၂ | ဆေးပေးခန်းမရှိခြင်းကြောင့် ကျန်းမာရေးဝန်ဆောင်မှု ခက်ခဲခြင်း | ၂ | ဆေးပေးခန်းမရှိခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီး အခက်အခဲရှိခြင်း |
| ၃ | ကျောင်းဆောင်မလုံလောက်ခြင်းနှင့် ကျောင်းခြံစည်းရိုးမရှိခြင်း အခက်အခဲ | ၃ | စာသင်ကျောင်းခြံစည်းရိုးမရှိသဖြင့် ပညာရေးနှင့်ပတ်သက်၍ အခက်အခဲရှိခြင်း |
| ၄ | ကျေးရွာအဝင်လမ်းမကောင်းခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၄ | ကျေးရွာတွင်းနှင့် ရွာဝင်လမ်းမကောင်းမှုသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၅ | လျှပ်စစ်မီးမရှိခြင်း အခက်အခဲ | ၅ | လျှပ်စစ်မီးမရှိခြင်း အခက်အခဲ |

၆. ကျေးရွာစာကြည့်တိုက်မရှိခြင်း အခက်အခဲ

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာနှင့် ပေလမ်းအကြား ကွန်ကရစ်လမ်းခင်းရန် | ၁ | ကျေးလက်ဆေးပေးခန်းရရှိရန် |
| ၂ | ကျန်းမာရေးဆေးပေးခန်းရရှိရန် | ၂ | ပညာရေးကို အထက်တန်းအဆင့်မြှင့်တင်နိုင်ရန် |
| ၃ | တစ်ရွာလုံး လျှပ်စစ်မီးလင်းရန် | ၃ | ကျေးရွာလမ်းများကို ကျောက်ချောလမ်းခင်းနိုင်ရန် |
| ၄ | မိုင်တိုင်ရေစင်ရေပိုက်လိုင်းသွယ်တန်းရန် | ၄ | နှစ်ပတ်လည် သောက်သုံးရေ ဖူလုံရန် |
| ၅ | ပညာရေးကို အထက်တန်းအထိ အဆင့်မြှင့်တင်ရန် | ၅ | တစ်ရွာလုံး လျှပ်စစ်မီးရရှိရန် |

၆. ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၃ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာနှင့်ပေလမ်းကြား ကွန်ကရစ်လမ်း- | အမျိုးသား + အမျိုးသမီး | | ၁၀၇၇ |
| ၂ | မြေသားရေကန်ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၀၇၇ |
| ၃ | စာသင်ကျောင်းခြံစည်းရိုးအုတ်တံတိုင်း | အမျိုးသား + အမျိုးသမီး | | ၁၀၇၇ |
| ၄ | ရေစင်ရေပိုက်လိုင်းသွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | | ၁၀၇၇ |
| ၅ | ဆေးပေးခန်း | အမျိုးသား + အမျိုးသမီး | | ၁၀၇၇ |

ယ။ လုထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျိုးမပေးသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးတင်အေး--- လက်မှတ် ------ နေ့စွဲ ---၁.၁.၂၀၁၇---

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ဖြည့်စွက်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ ပေါင်းပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးမြင့်ကြိုင်

နေ့စွဲ - 18. 1. 2017

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း: [illegible] မြို့နယ် [illegible] ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: ကျေးရွာမှ ထည့်ဝင်မှု | ခန့်မှန်းကုန်ကျစရိတ်: အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ၁၃၀'x၁၃၀'x၁၀' | ၃၂၇ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၀,၀၀၀,၀၀၀ | | | |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၅၆၅ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | | |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၄၆၁ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | | |
| [illegible] | [illegible] | ၁၅၀'x၁၅၀'x၁၀' | ၂၅၀ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | | |
| [illegible] | [illegible] | ၂၅'x၁၅'x၅' | ၁၁၄၄ | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | ၁၁,၀၀၀,၀၀၀ | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် [illegible] လက်မှတ်၊ [signature] ရက်စွဲ၊ 18. 1. 2017

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပထမအကြိမ်စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်း
(ဒုတိယနှစ်စက်ဝန်း)

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ကောင်းညိုကျေးရွာ၊ ထီးပုနယ်ခွဲ

အစည်းအဝေးကျင်းပသည့်နေ့ရက် ။ ။ 2.1.2017

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ (2:00) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ (107) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ပထမအကြိမ် အစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့်ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ် (၁) အရ ကျေးရွာရာအိမ်မှူးမှ အဖွင့်အမှာစကား ပြောကြားရန်ဖြစ်သော်လည်း ကျေးရွာရာအိမ်မှူး၏ကိုယ်စား ကျေးရွာစီ|တောက်ကော်မတီဥက္ကဋ္ဌ ဦးတင်အေး မှ ပြောကြားရာတွင် ဒီနှစ်ဟာဆိုရင် ပူးတူမဟာမိတ်ဖြစ် စီမံကိန်းရဲ့ ဒုတိယနှစ်စက်ဝန်းကို စတင်ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ပထမနှစ်မှာ မီးဖိုင်တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြော ဒုတိယနှစ်အတွက် မိမိတို့ကျေးရွာ၏ အမှန်တကယ်လိုအပ်သည့်လုပ်ငန်းကို ရွေးချယ် လိုအပ်ပါကြောင်း၊ အစည်းအဝေးကိုလည်း မနှစ်ကလိုပဲ ပထမအကြိမ်နှင့်ဒုတိယအကြိမ် (၂)ကြိမ်ဆက်တိုက်ပြုလုပ်သွားမှာဖြစ်ပါကြောင်း၊ ဒီအစည်းအဝေးတွေဟာဆိုရင် မိ မိတို့ကျေးရွာ၏ အရေးကြီးတဲ့ အစည်းအဝေးများဖြစ်ပါကြောင်း၊ ဒါကြောင့်မို့ အစည်းအဝေ ကို တစ်ရွာလုံးတက်ရောက်ကြရန်လိုအပ်ပါကြောင်း၊ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေချမှ ဖို့အတွက် အစည်းအဝေးပြီးဆုံးသည်အထိ ပါဝင်ဆွေးနွေးပေးကြရန် လိုအပ်ပါကြော တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်၊ စီမံကိန်းအကြ မိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များအကြောင်းကို ပူးတွဲစည်းရုံးရေးမှူး ဒေါ်နွယ်နီညွန့်ဝင်းမှ ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းစက်ဝန်း အကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်မြို့စေစေအောင်မှ လည်းကောင်း၊ ရံပုံငွေ ထောက်ပံ့ပုံနှင့်ပတ်သက်၍ လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ လည်းကောင်း၊ အသီးသီး ဆွေးနွေးပြောကြားခဲ့ပါသည်။

အကျုံးဝင်သောလုပ်ငန်းများနှင့် အကျုံးမဝင်သောလုပ်ငန်းများအကြောင်းကို ဒေါ်မြို့စေစေအောင်မှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ကျား/မ ရေးရာနှင့် ဆောင်ရန်၊ ရှောင်ရန်များ အကြောင်းကို ဒေါ်နွယ်နီစွန်းဝင်းမှ ဆွေးနွေးပြောကြားခဲ့ပြီး၊ စေဖန်အကြံပြု ဖြေရှင်းစနစ်နှင့်ပတ်သက်၍ ဦးမြင့်ကြိုင်မှ ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းလုပ်ငန်းများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။ ဆွေးနွေးဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ -

(၁) ကျေးရွာမြေပုံ ပြင်ဆင်ဖြည့်စွက် ရေးဆွဲခြင်း၊

(၂) ရာသီခွင်ပြက္ခဒိန် ပြုလုပ်ဆွေးနွေးခြင်း၊

(၃) ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ် ဆွေးနွေးသုံးသပ်ခြင်း၊

(၄) အဖွဲ့အစည်း အချိတ်အဆက်ပြ ဇယားချပ် ပြုလုပ်ဆွေးနွေးခြင်း တို့ဖြစ်ကြပြီး ယင်းလုပ်ငန်းစဉ်များကို အဖွဲ့ငယ်များဖွဲ့၍ အုပ်စုအလိုက်ဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။

(ဂ) အစည်းအဝေး ဆုံးဖြတ်ချက်

၁။ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းကို ဒုတိယနေ့ အစည်းအဝေးတွင် ပြုလုပ်ဆောင်ရွက်ရန်၊

၂။ ဒုတိယနေ့ အစည်းအဝေးကို (3.1.2017) နေ့ နေ့လယ် (1:00) နာရီတွင် ပြုလုပ်ရန်၊ အများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ပထမအကြိမ် အစည်းအဝေးကို (၇.၁.၂၀၁၇) နေ့ (၄:၃၀) နာရီ အချိန်တွင် ရုတ်သိမ်းခဲ့ကြသည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
(လူထုစည်းရုံးရေးမှူး)
၇.၁.၂၀၁၇

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး မှတ်တမ်း
## (ဒုတိယနှစ်စက်ဝန်း)

အစည်းအဝေး ကျင်းပသည့် နေရာ ။ ။ ကောင်းသို့ကျေးရွာ၊ ထီးလုံအုပ်စု

အစည်းအဝေး ကျင်းပသည့် ရက်စွဲ ။ ။ 3.1.2017

အစည်းအဝေး ကျင်းပသည့် အချိန် ။ ။ (1:00) နာရီ (နေ့လည်)

အစည်းအဝေး တက်ရောက်သူဦးရေ ။ ။ 175 (ဦး)

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ဒုတိယအကြိမ် အစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ်အရ ပထမနေ့တွင်ဆွေးနွေးခဲ့သည်များကို အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခြင်းကို ပူးတွဲစည်းရုံးရေးမှူးဦးမြင့်ကြိုင်မှ ကျေးရွာပူးတွဲနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပူးတွဲဆန်းစစ်ခြင်းလုပ်ငန်းစဉ်များဖြစ်သော ဥစ္စာဓနပိုင်ဆိုင်မှုခွဲခြားသတ်မှတ်ခြင်း၊ ကျား/မ ပိုင်ဆိုင်မှုအရင်းအမြစ်သုံးသပ်ခြင်းလုပ်ငန်းများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းခြင်း အစီအစဉ်ကို ဆောင်ရွ[က်]ခဲ့ကြရာ - ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် ပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သောဦးသိန်းတန်နှင့်ဒေါ်လှမြိုင်တို့ကို အများသဘောအတိုင်းဆက်လက်ရွေးချယ်ခဲ့ကြသည်။ ဦးသိန်းတန်နှင့်ဒေါ်လှမြိုင်တို့မှလည်း ဆက်လက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသ[ည်]

ကျေးရွာစီ/ထောက်ကော်မတီဥက္ကဋ္ဌ ရွေးချယ်ရာတွင် ပထမနှစ်တွင်တာဝန်ထ[မ်း]ဆောင်ခဲ့သော ဦးတင်အေးနှင့် ဒေါ်ခင်နှင်းညွန့်တို့ကိုသာ ကျေးရွာပူးတွဲမှ ဆက်လက်ထမ်းဆော[င်]စေလိုကြသည်၊ ဒေါ်ခင်နှင်းညွန့်မှာ ကျန်းမာရေးအခြေအနေအရ တာဝန်ကိုဆက်လက်ထမ်းဆော[င်]နိုင်ခြင်းမရှိသည့်အတွက် ဒေါ်ခင်နှင်းညွန့်၏နေရာတွင် ဒေါ်ဖွေးပွင့်ကို အများသဘောတူ အစ[...]

ထိုး ရွေးချယ်ခဲ့ကြသည်။ ထို့ကြောင့် ကျေးရွာ၏ ထောက်ကော်မတီဥက္ကဋ္ဌ အဖြစ် ဦးတင်အေး နှင့် ဒေါ်ကြေးလှိုင်တို့ကို ကျေးရွာလူထုမှ အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဦးတင်အေးနှင့်ဒေါ်ကြေးလှိုင်တို့မှာလည်း ၎င်းတို့၏တာဝန်များကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

လယ်ယာရေး ဆပ်ကော်မတီ အတွက် ပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဦးသိန်းတင့်၊ ဦးသန်းဝင်းနှင့် ဒေါ်ဌေးတို့ကိုပဲ ကျေးရွာလူထုမှ အများသဘောတူ ဆက်လက် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဥက္ကဋ္ဌနေရာ အတွက် ဦးသိန်းတင့်ကိုပဲ ဆက်လက် တာဝန်ထမ်းဆောင်စေခဲ့ကြသည်။ ၎င်းတို့ (၃)ဦးမှလည်း မိမိတို့တာဝန်အသီးသီးကို ထမ်းဆောင်နိုင်ပါကြောင်းသဘောတူညီခဲ့ကြသည့်အတွက် ကျေးရွာလူထုမှ ဆက်လက် ရွေးချယ် တင်မြှောက်ခဲ့ကြသည်။

စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ အတွက် ပြင်ဆင်ပြောင်းလဲခြင်း မပြုလုပ်တော့ပဲ ပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဦးအေးမောင် (ဥက္ကဋ္ဌ) ဦးတင်မြင့် (အဖွဲ့ဝင်) ဒေါ်မာမာအေး (အဖွဲ့ဝင်) တို့ကိုပဲ ကျေးရွာလူထုမှ အများသဘောတူ ဆက်လက်ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၎င်းတို့ (၃)ဦးမှာလည်း မိမိတို့၏တာဝန်အသီးသီးကို ဆက်လက် ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ အတွက် ဦးသန်းထွန်း၏နေရာတွင် ဦးသန်းလှိုင်ကိုလည်းကောင်း၊ ဒေါ်ကြည်ခိုင်၏နေရာတွင် ဒေါ်အမာကြည်ကိုလည်းကောင်း ကျေးရွာလူထုမှ အများသဘောတူ အစားထိုး ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အဖွဲ့ဝင်တစ်ဦးအဖြစ် ပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ကြည်ကြည်နွဲ့ကိုပဲ ဆက်လက် ရွေးချယ်ခဲ့ကြသည်။ ဥက္ကဋ္ဌအဖြစ် ဦးသန်းလှိုင်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၎င်းတို့ (၃)ဦးမှလည်း မိမိတို့၏တာဝန်အသီးသီးကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

အကြံပြုတိုင်ကြားရေး တာဝန်ခံများ အဖြစ် ပထမနှစ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဦးစိုးဝင်းနှင့် ဒေါ်အေးသန်းတို့ကိုပဲ ကျေးရွာလူထုမှ ထပ်မံ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ၎င်းတို့ (၂)ဦးမှလည်း မိမိတို့၏တာဝန်အသီးသီးကို ဆက်လက်ထမ်းဆောင်နိုင်ပါကြောင်းသ

သဘောတူညီခဲ့ကြသည်။

ကျေးရွာငွေစာရင်းကိုင် အဖြစ် ပထမနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးအောင် ဇော်ဝင်းကိုပဲ ကျေးရွာလူထုမှ ထပ်မံရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဦးအောင်ဇော်ဝင်းမှ လည်း ငွေစာရင်းကိုင်တာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သဘောတူညီခဲ့ပါသည်။

အထက်ဖော်ပြပါ ကော်မတီဝင်အသီးသီးကို ကျေးရွာလူထုမှ ၎င်းတို့၏ဆန္ဒသဘော အတိုင်း အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဆက်လက်၍ ကောင်းသိုက်ကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီး အခက်အခဲ အတား အဆီးများ၊ မျှော်မှန်းချက်များကို အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲ၍ သီးခြားစီ ဆွေးနွေး ကြသည်။ ထို့နောက် ၎င်း အခက်အခဲ အတား အဆီးများ၊ မျှော်မှန်းချက်များကို အခြေခံ၍ အမျိုးသား ဦးစားပေး လုပ်ငန်းများနှင့် အမျိုးသမီး ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ခဲ့ကြသည်။ အမျိုးသားနှင့် အမျိုးသမီးတို့မှ ၎င်းတို့၏ ဦးစားပေးလုပ်ငန်းများကို ပေါင်းစပ်၍ ကောင်းသိုက်ကျေးရွာ၏ ဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်ကို အများသဘောတူ ရေးဆွဲ ဆုံးဖြတ်ခဲ့ကြသည်။ ကောင်းသိုက်ကျေးရွာ၏ ဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဦးစားပေး ၁ ကွန်ကရစ်လမ်း (ကျေးရွာနှင့် ဘောင်ဦး - ကျောက်ပန်းတောင်းလမ်းကြား)
၂ မြောင်းရေကာနံ တိုးချဲ့ပြုပြင်ခြင်း
၃ စာသင်ကျောင်းခြံစည်းရိုး အုတ်တံတိုင်းခတ်ခြင်း
၄ ရေစင် ရေပိုက်လိုင်း တည်ဆောက်သွယ်တန်းခြင်း

(၁၁) အစည်းအဝေး ဆုံးဖြတ်ချက်

၁။ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ကောင်းသိုက်ကျေးရွာလူထုမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်း ဆုံးဖြတ်ခဲ့ကြသည်။

ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီဥက္ကဋ္ဌ - ၁ ဦးတင်အေး
၂ ဒေါ်ဌေးမြိုင်

ဝယ်ယူရေးဆပ်ကော်မတီ - ၁ ဦးသိန်းတင့် (ဥက္ကဋ္ဌ)

၂ ဦးသန်းဝင်း (အဖွဲ့ဝင်) ၃ ဒေါ်ဌေး (အဖွဲ့ဝင်)

စာရင်းကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ - ၁ ဦးအေးမောင် (ဥက္ကဋ္ဌ)

၂ ဦးတင်မြင့် (အဖွဲ့ဝင်) ၃ ဒေါ်မာမာအေး (အဖွဲ့ဝင်)

သည်ပတ်ဝန်းထိန်းသိမ်းရေးဆပ်ကော်မတီ - ၁ ဦးသန်းလှိုင် (ဥက္ကဋ္ဌ)

၂ ဒေါ်ကြည်ကြည်နွဲ့ (အဖွဲ့ဝင်) ၃ ဒေါ်စမာကြည် (အဖွဲ့ဝင်)

အကြံပြုတိုင်ကြားရေးတာဝန်ခံ - ၁ ဦးစိုးဝင်း ၂ ဒေါ်အေးသန်း

ငွေစာရင်းကိုင် (ကျေးရွာ) - ၁ ဦးအောင်ဇော်ဝင်း

ကျေးရွာစေတနာ့ဝန်ထမ်း - ၁ ဦးသိန်းတန် ၂ ဒေါ်လှမြိုင်

၂။ ကောင်းသို့ကျေးရွာ၏ ဦးစားပေးလုပ်ငန်း အဓိကအစဉ်များကို အောက်ပါပုံစံအတိုင်း အများသဘောတူ ရေးဆွဲဆုံးဖြတ်ခဲ့ကြသည်။

| စဉ် | ဦးစားပေးလုပ်ငန်း | အတိုင်းအတာ | အဆိုပြုသူ |
|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်း | | ကျား + မ |
| ၂။ | မြောင်းရေကာနံတံ ချဲ့ပြုပြင်ခြင်း | | ကျား + မ |
| ၃။ | စာသင်ကျောင်းခြံစည်းရိုး အုတ်တံတိုင်းခတ်ခြင်း | | ကျား + မ |
| ၄။ | ရေစည်၊ ရေပိုက်လိုင်း တည်ဆောက်သွယ်တန်းခြင်း | | ကျား + မ |

ဒုတိယအကြိမ်အစည်းအဝေးကို (3.1.2017) နေ့ ညနေ (4:30) နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
(ယာယီစည်းရုံးရေးမှူး)
3.1.2017

## ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ . ကောင်းသီကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငြင်ပမှုထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကျေးရွာနှင့်လယ်ကွင်းကြားကွန်ကရစ်လမ်း | ကျား၊မ | 1/2017 | ကျေးရွာလူထု | |
| | ၂ | မြေသားရေကန်ပြုပြင်ခြင်း | " | " | | |
| | ၃ | စာသင်ကျောင်းခြံစည်းရိုးအုတ်တံတိုင်း | " | " | | |
| | ၄ | ရေစင်၊ရေပိုက်လိုင်းသွယ်တန်းခြင်း | | " | | |
| | ၅ | အားလေခန်း | | " | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာ/ချေးငွေ | ကျား၊မ | | | |
| | ၂ | မွေးမြူရေးချေးငွေ | ကျား၊မ | | | |
| | ၃ | စက်ချုပ်သင်တန်း | မ | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |